# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၅-၁၀-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်း၌ ဦးမော့လာရုံသာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရေး အတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကသားများအား ထိထိ ရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် (အောင်သုခ- ပုန်းအောင်-ထီပျဉ်) လမ်းပိုင်းအား ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကမ်းရိုးတန်းဒေသကြီးများတွင် ဝါးလတ်၊ ဝါးတန်းနှင့် ငါးဖမ်းရေယာဉ်များကို ခေတ်မီ သံခွံ ကိုယ်ထည်ဖြင့် ပြည်တွင်း၌ စတင်တည်ဆောက်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်နှင့် ကောလင်းမြို့နယ် ဆက်သွယ်ထားသော (ထီးချိုင့်–မရသိမ်–တောမ–မော်ကွန်းတိုင်–ကျောက်တန်း) လမ်းပိုင်းပေါ်ရှိ ပျက်စီးနေသော တံတားဟောင်း (၄)စင်းအား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန်နှင့် မိုင်တိုင် (၀/၀ မှ ၁/၂ ကြား၊ မြို့တွင်း လမ်းအား) ကွန်ကရစ်လမ်းအဖြစ် ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **ငါးမွေးမြူရေးလုပ်ငန်း အပါအဝင် မွေးမြူရေး သုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်ရှိ(၉၉)ကန် စီမံကိန်းလုပ်ငန်းများအနက် စီမံကိန်းထက်ဝက်ခန့်မှာ တောင်သူ လယ်သမားများအတွက် အကျိုးမပြုတော့ပါသောကြောင့် စီမံကိန်း ဖျက်သိမ်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် ရေကြီးနစ်မြုပ်သော ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေး၊ လူမှုရေး ကဏ္ဍများအပြင် ပြန်လည်စိုက်ပျိုးရန် သက်တမ်းတိုမျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **T & C ကုမ္ပဏီမှ သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ဒေသခံများထံ အမြန်ဆုံးပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက **"ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။